**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန**

**၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ် နွားပွဲဈေး(တိရစ္ဆာန်ဈေး)အခွန်၊ အခ၊ အကောက်လိုင်စင်အတွက်**

**စည်းကမ်းချက်များ**

**ပါဝင်သည့်မြို့နယ်များ**

၁။ လယ်ဝေးမြို့နယ်။ လယ်ဝေးနွားပွဲဈေး။

၂။ လယ်ဝေးမြို့နယ်။ သာဝတ္ထိနွားပွဲဈေး။

၃။ တပ်ကုန်းမြို့နယ်။ တပ်ကုန်းနွားပွဲဈေး။

**နွားပွဲဈေးနယ်နိမိတ်သတ်မှတ်ချက်များ**

၄။ လိုင်စင်ရရှိသူသည် အောက်ဖော်ပြပါ နွားပွဲဈေးဧရိယာအတွင်း၌သာ ဝင်ကြေးနှင့် မှတ်ပုံတင်ခများအား သတ်မှတ်ထားသော နှုန်းထားများအတိုင်း ကောက်ခံခွင့်ရှိသည် -

(က) လယ်ဝေးမြို့နယ်။ လယ်ဝေးနွားပွဲဈေးဧရိယာ၊

(ခ) လယ်ဝေးမြို့နယ်။ သာဝတ္ထိနွားပွဲဈေးဧရိယာ၊

(ဂ) တပ်ကုန်းမြို့နယ်။ တပ်ကုန်းနွားပွဲဈေးဧရိယာ။

**နွားပွဲဈေး(ဝင်ကြေးကောက်)ကောက်ခံရမည့် နှုန်းထားသတ်မှတ်ချက်များ**

၅။ နွားပွဲဈေးအတွင်း ဝင်ရောက်လာသော တိရစ္ဆာန်များအား အောက်ပါသတ်မှတ်နှုန်းထားများအတိုင်း ဝင်ကြေးကောက်ခံရမည် -

(က) ကျွဲ၊ နွား (၁)ကောင်လျှင် - ၂,၀၀၀/-၊

(ခ) သိုး၊ ဆိတ်၊ ဝက် (၁)ကောင်လျှင် - ၅၀၀/-။

၆။ နွားပွဲဈေးအတွင်း တိရစ္ဆာန်အရောင်းအဝယ်ပြုလုပ်လျှင် မှတ်ပုံတင်ခအား အောက်ပါ သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံရမည် -

(က) ကျွဲ၊ နွား (၁)ကောင်လျှင်ရောင်းသူနှင့် ဝယ်သူ(၂)ဦးထံမှ - ၅,၀၀၀/-၊

(ခ) သိုး၊ ဆိတ်၊ ဝက် (၁)ကောင်လျှင်ဝယ်သူထံမှ - ၁,၅၀၀/-။

၇။ လိုင်စင်ရရှိသူသည် နွားပွဲဈေးဝင်ကြေးနှင့် အရောင်းအဝယ်ဖြစ် ကောင်ရေ၏ မှတ်ပုံတင်ခကောက်ခံမှုများအတွက် မှတ်ပုံတင်စာအုပ် ပြုလုပ်ထားရှိရမည်။ ဌာနမှစစ်ဆေးလျှင် အဆိုပါ မှတ်ပုံတင်စာအုပ်အားပြသရမည်။ မိမိတာဝန်ပေးထားသော ကောက်ခံသူများသည် အမည်နှင့် တာဝန်ပေးထားမှု ဖော်ပြထားသည့်ကတ် ပြုလုပ်၍ဆွဲထားရမည်။

**နွားပွဲဈေးဖွင့်လှစ်ရန် အချိန်သတ်မှတ်ချက်များ**

၈။ နွားပွဲဈေးနေ့တွင် နံနက်(၀၅:၀၀)နာရီမှ ညနေ (၁၆:၀၀)နာရီအထိ ကောက်ခံခွင့်ရှိသည်။

**အထွေထွေစည်းကမ်းချက်များ**

၉။ လိုင်စင်ရရှိသူသည် လုပ်ငန်းအာမခံအဖြစ် လိုင်စင်တစ်ခုစီအတွက် ဆွဲဝယ်ယူသူ ပိုင်ဆိုင်ပြီး လိုင်စင်တန်ဖိုးနှင့်ညီမျှသော မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်း (အဆောက်အဦ/အိမ်/မြေ)၏ ဂရန်မူရင်း(ရာပြတ်တန်ဖိုးအတည်ပြုပြီးဖြစ်သည့်)ကို ဌာနသို့အပ်နှံရမည်။(သို့မဟုတ်) နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် အပ်နှံထားသည့် ငွေစုစာအုပ်ပေးသွင်းထားရှိရမည်။

၁၀။ လိုင်စင်ရရှိသူသည် အထက်အပိုဒ် (၉)ပါ အာမခံအဖြစ်တင်သွင်းထားသော မရွှေ့မပြောင်းနိုင်သည့် အာမခံပစ္စည်း(အဆောက်အဦ/အိမ်/မြေ)၏ ဂရန်မူရင်းတန်ဖိုးသည် လုပ်ငန်းလိုင်စင်ကြေး ထက်ပိုခဲ့ပါက လိုင်စင်ရရှိသူသည် မိမိတင်ပြထားသည့် အာမခံပစ္စည်း၏ အပိုတန်ဖိုးအား ကော်မတီရှိအခြားသောဌာနများ၏လေလံလုပ်ငန်းလိုင်စင်တစ်ခုခုတွင်အာမခံပစ္စည်းအဖြစ် ထပ်မံတင်သွင်းရန် လိုအပ်ပါက အဆိုပါပိုသည့်ခန့်မှန်းငွေကိုသာ ဖော်ပြ၍ ဌာနမှထောက်ခံချက်နှင့် ဂရန်မူရင်းခွဲအား မိတ္တူထုတ်ပေးမည်ဖြစ်ပါသည်။

၁၁။ လိုင်စင်ရရှိသူသည် ရရှိသည့်လုပ်ငန်းနှင့်ပတ်သက်ပြီး ဌာနနှင့် ညှိနှိုင်း၍ လေလံအောင်မြင်သည့်ရက်မှ (၃၀)ရက်အတွင်း စာချုပ်ချုပ်ဆိုရမည်။ စာချုပ်ချုပ်ဆိုသည့်အခါ ကျသင့်သော အခွန်တော်ငွေတံဆိပ်ခေါင်းခ၊ မှတ်ပုံတင်ခများအား လိုင်စင်ရရှိသူမှကျခံရမည်။ သတ်မှတ်ရက်အတွင်း စာချုပ် ချုပ်ဆိုခြင်းမရှိပါက (၁၅)ရက်လျှင်(၁)ကြိမ်ဖြင့် (၂)ကြိမ်တိုင်တိုင် အသိပေးအကြောင်းကြားမည်ဖြစ်ပြီး အဆိုပါအချိန်ထိ ပျက်ကွက်ခဲ့ပါက လိုင်စင်ချထားခြင်းမှ ရုပ်သိမ်းခြင်းခံရမည်။

၁၂။ လိုင်စင်ရရှိသူသည် မည်သည့်လိုင်စင်ကိုရရှိသည်ဖြစ်စေ လေလံကြေးငွေကျပ် (၁,၀၀၀,၀၀၀/-) (ကျပ်တစ်ဆယ်သိန်းတိတိ)ကိုမကျော်လွန်ပါက လေလံကြေးငွေကို ချက်ချင်းပေးဆောင်ရမည်။ လေလံကြေး ငွေကျပ်(၁,၀၀၀,၀၀၀/-) (ကျပ်တစ်ဆယ်သိန်းတိတိ)ထက်ကျော်လွန်ခဲ့သော် အာမခံငွေ(လေလံကြေး၏၁၀ပုံ-၁ပုံ)နှင့်အတူ လေလံကြေး၏(၅ပုံ-၁ပုံ)ကို နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ ချက်ချင်းပေးသွင်းရမည်ဖြစ်သည်။ ကျန်ရှိသည့်ငွေကို (၈)ရစ်ခွဲ၍ ၂၀၂၃ ခုနှစ် ဧပြီလမှစ၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ လစဉ်လဆန်း (၁၀)ရက်နေ့ နောက်ဆုံးထားကာ ပြေကြေသည်အထိ ပေးသွင်းရမည်။ လဆန်း(၁၀)ရက်ထက် နောက်ကျပေးသွင်းပါက (၁) ရက်လျှင် ငွေ(၁၀၀/-)အတွက် (၅ဝါး)နှုန်း ရက်လွန်ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။ လစဉ်အရစ်ကျပေးသွင်းရမည့် နေ့ရက်သည် ရုံးပိတ်ရက်နှင့် တိုက်ဆိုင်ပါက ကြိုတင်၍ ပေးသွင်းရမည်။

အရစ်ကျငွေကို တစ်လထက်ပို၍ နောက်ကျလျှင် လေလံချထားခြင်းမှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပြီး ပေးသွင်းထားသော အာမခံငွေနှင့်အခွန်ငွေများကို ကော်မတီပိုင်အဖြစ် သိမ်းယူမည်။ အရစ်ကျ ပေးသွင်းရမည့်ငွေကို လုပ်ငန်းအာမခံငွေမှ ခုနှိမ်ပေးသွင်းခွင့်မပြုပါ။ အခွန်ငွေကို နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှအပ အခြားမည်သည့်နေရာတွင်မှ ပေးသွင်းခြင်းမပြုရ၊ ငွေပေးသွင်းပြီး တိုင်း ငွေသွင်းချလံမူရင်းတစ်စောင်နှင့် မိတ္တူ(၂)စောင်ကို ဌာနသို့ ပေးရမည်။ လိုင်စင် အာမခံငွေကို ခွင့်ပြုထားသည့် လေလံသက်တမ်း ကာလကုန်ဆုံးမှသာ လုပ်ထုံး လုပ်နည်းအတိုင်း ပြန်လည်ထုတ် ပေးမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိမှသာ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်သည်။

၁၃။ လိုင်စင်ရရှိသူသည် လေလံဆွဲဝယ်ရရှိပြီးနောက် လေလံတန်ဖိုးငွေများကို သတ်မှတ် ရက်အတွင်း ပေးသွင်းခြင်းမပြုပါက လေလံအာမခံ စဘော်ငွေအား ကော်မတီပိုင်အဖြစ် သိမ်းယူမည့် အပြင် နာမည်ပျက်စာရင်း (Black List)တွင် မှတ်တမ်းတင်ကြေငြာထားရှိပြီး နောင်လေလံပွဲများ၌ မည်သည့်အကြောင်းနှင့်မျှ လေလံဝင်ရောက်ဆွဲခွင့် ပြုမည်မဟုတ်ပါ။ ရရန်ရှိသော လိုင်စင်ကြေး ကြွေးကျန်များအား ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်ဖြင့် အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံဆောင်ရွက်သွားမည် ဖြစ်သည်။

၁၄။ လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း လုပ်ငန်းပြန်လည်အပ်နှံခြင်း၊ အကြောင်း တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးခြင်းများအတွက် အခွန်ငွေလျှော့ပေါ့ရန်အတွက်လည်းကောင်း၊ လျှော်ပစ်ရန်အတွက်လည်းကောင်း လျှောက်ထားလာပါက လက်ခံစဉ်းစားလိမ့်မည်မဟုတ်ပါ။ အထူးကိစ္စတစ်ရပ်ဖြစ်ပါက ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

၁၅။ လိုင်စင်ရရှိသူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အငှားချထားခြင်းခံရသည့် လုပ်ငန်းကို ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ ထပ်ဆင့် ရောင်းချခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရ။

၁၆။ လေလံလျှောက်ထားသူ/ ဆွဲဝယ်ရရှိသူသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အရေးယူ ဆောင်ရွက်ခြင်းခံနေရသော၊ ပြစ်ဒဏ်ကျခံနေရသောပုဂ္ဂိုလ်မဖြစ်စေရ။ အဆိုပါပုဂ္ဂိုလ်ဖြစ်ကြောင်း စိစစ်တွေ့ရှိပါက လေလံဆွဲဝယ်ခွင့်နှင့် ဆွဲဝယ်ရရှိသည့်လေလံအား ပယ်ဖျက်ခြင်း၊ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ လေလံစည်းကမ်းချက်များနှင့် စာချုပ်ပါအချက်များကိုလည်းကောင်း၊ အခါအား လျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ လိုင်စင်ရရှိသူကိုယ်တိုင်ဖြစ်စေ၊ ၎င်းမှ တာဝန်ပေးအပ်ထားသူမှဖြစ်စေ ဖောက်ဖျက်ပါက အာမခံအပ်ငွေများအား ကော်မတီပိုင် ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်း၊ အာမခံတင်သွင်းထားသောပစ္စည်းများအား လေလံတင်ရောင်းချ၍ ရရန်ရှိသည်တို့ကို သိမ်းယူခြင်း၊ လိုင်စင်ပိတ်သိမ်းခြင်း၊ နာမည်ပျက်စာရင်း (Black List)ကြေငြာခြင်း စသည့်အရေးယူခြင်း ခံရမည်ဖြစ်သည်။

၁၇။ လေလံစည်းကမ်းတစ်စုံတစ်ရာဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိပါက လေလံလိုင်စင် အား ချက်ချင်းပြန်လည်သိမ်းယူပြီး စည်းကမ်းနှင့်အညီ လေလံတင်ရောင်းချရန်အတွက် ၎င်းတို့

တင်သွင်းထားသော အာမခံငွေများကို ကော်မတီပိုင်အဖြစ်သိမ်းယူ၍ နာမည်ပျက်စာရင်း (Black List)တင်သွင်းမည်ဖြစ်ပါသည်။ လိုင်စင်စီ(၁)ဦးသည် အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်စည်းကမ်း ဖောက်ဖျက်၍ နာမည်ပျက်စာရင်း (Black List)သွင်းအရေးယူခြင်းခံရပါက နေပြည်တော်စည်ပင် သာယာရေးကော်မတီ၌ ငင်းလုပ်ကိုင်ခွင့်ရသော အခြားအခွင့်အရေး လိုင်စင်များအတွက်ပါ အဆိုပါ အရေးယူမှုသည် သက်ရောက်မှုရှိစေရမည်။

၁၈။ လုပ်ငန်းဆောင်ရွက်ခွင့်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဆောင်ရွက်ခွင့်ပြုသည်။ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ပေးထားသော နှုန်းထားအတိုင်းသာလျှင် ကောက်ခံရမည်ဖြစ်သည်။ သတ်မှတ်ထားသည့် နှုန်းထားထက် ပိုမိုရရှိရန် ပြင်ဆင်ဆောင်ရွက် ကောက်ခံခြင်းမပြုရ။ လေလံဆွဲဝယ်စဉ် ညှိနှိုင်းသဘောတူသော စည်းကမ်းချက်များအား မိမိ လုပ်ငန်းလုပ်ကိုင်စဉ် ပြင်ဆင်ပေးရန် တင်ပြခြင်းကိုခွင့်မပြု။

၁၉။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ပေးထားသော နှုန်းထား ထက် ပိုမိုကောက်ခံခြင်းမပြုရ။ အခွန်နှုန်းထား သတ်မှတ်ချက် ဈေးနှုန်းဆိုင်းဘုတ်အား သတ်မှတ်ထားသည့်ပုံစံ အရွယ်အစားအတိုင်းရေးဆွဲ၍ မြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်။ အသုံးပြုမည့်ပြေစာပုံစံများအား လုပ်ငန်းမစတင်မီ နေပြည်တော်စည်ပင်သာယာရေးကော်မတီ (တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန)သို့တင်ပြ၍သဘောတူခွင့်ပြုသည့်ပုံစံဖြင့်သာ အသုံးပြုရမည်ဖြစ်ပြီး လိုင်စင်ရရှိသူသည် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ပြေစာပုံစံပြောင်းလဲခြင်း၊ ဌာန၏တံဆိပ် ပြောင်းလဲခြင်းအသုံးပြုခြင်းမပြုရ။ ပျက်ကွက်ပါက ဒဏ်ငွေ(၅၀,၀၀၀/-)တပ်ရိုက်ခြင်းခံရမည်။

၂၀။ နွားပွဲဈေး နယ်နိမိတ်သတ်မှတ်ချက်ဧရိယာ၏ အတွင်း/အပြင် သန့်ရှင်းရေး၊ အသေးအဖွဲပြင်ဆင်ရေးကို မိမိပိုင်ပစ္စည်းကဲ့သို့ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူက ဆောင်ရွက်ရမည်။

၂၁။ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မမျှော်မှန်းနိုင်သော အကြောင်းများကြောင့်သော်လည်းကောင်း လုပ်ငန်းမလုပ်နိုင်ခြင်းများအတွက် လုပ်ငန်းခေတ္တပိတ်ရခြင်းများကို ငွေတန်ဖိုးတွက်ချက်သတ်မှတ်၍ ပြန်အမ်းမည်မဟုတ်ပါ။

၂၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ပေးအပ်သူ(သို့မဟုတ်) ဌာနမှ တာဝန်ပေးအပ်သူတို့က လိုအပ်ပါက စစ်ဆေးမည်ဖြစ်၍ စစ်ဆေးခြင်းကိုခံယူရမည်။

၂၃။ အဆောက်အအုံများ၏ လုံခြုံရေးနှင့်မီးဘေးလုံခြုံရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာနယ်မြေအာဏာပိုင်များ၊ တပ်မတော်၊ ပြည်သူ့ရဲစသည့် လုံခြုံရေးအဖွဲ့အစည်းများမှ အကူအညီတောင်းခံလာပါက လုံခြုံရေးအတွက် အပြည့်အဝပူးပေါင်း ကူညီရမည်။ လိုင်စင်ရရှိသူ၏ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ သတ်မှတ်တန်ဘိုးအား ပေးလျော်ရမည်။

၂၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားသော စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ တည်ဆဲဥပဒေ စည်းကမ်းများကို လိုက်နာရမည်။

၂၅။ လိုင်စင်ရရှိသူသည် ရာဇဝတ်မှုကို ကျူးလွန်နိုင်သည့်ကိစ္စဟူသမျှကို တားဆီးပေးရမည်။ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက စခန်းကွပ်ကဲမှုရုံးသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရမည်။ လိုအပ်ပါက နီးစပ်ရာစခန်းသို့ ဆက်သွယ်ဆောင်ရွက်ရမည်။

၂၆။ နိုင်ငံတော်မှ တားမြစ်ပိတ်ပင်ထားသည့် ဥပဒေနှင့်မလွတ်ကင်းသော ကိစ္စရပ်များ ဖြစ်ပေါ်မှုမရှိအောင် ဆောင်ရွက်ရမည်။ အကယ်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက လိုင်စင်ရရှိသူ၏ တာဝန်သာဖြစ်သည်။

၂၇။ လိုင်စင်ရရှိသူသည်ရရှိထားသော လုပ်ငန်းနှင့်ပတ်သက်၍ ဌာနတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်ပါက ကိုယ်တိုင်မပျက်မကွက် တက်ရောက်ပြီး ဌာနမှတာဝန်ရှိသူ၏ ညှိနှိုင်း အကြံပြုချက်များအား လိုက်နာဆောင်ရွက်ရမည်။

၂၈။ အကြောင်းအမျိုးမျိုးကြောင့် လေလံရပ်ဆိုင်းသည်ဖြစ်စေ၊ ဘဏ္ဍာရေးနှစ် တစ်နှစ် ကုန်ဆုံးပြီး နောက်တစ်နှစ်အတွက် လေလံမအောင်မြင်ပါကဖြစ်စေ၊ လက်ရှိလိုင်စင်ရရှိသူသည် နောက်ထပ်လက်ခံမည့်သူသို့ မိမိလက်ခံစဉ်က အနေအထားအတိုင်း စနစ်တကျလွှဲပြောင်းပေးရမည်။

၂၉။ သတ်မှတ်ထားသော နွားပွဲဈေးဝင်ကြေးကောက်များ၊ မှတ်ပုံတင်ခများအား ကောက်ခံရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများကို တာဝန်ပေးစေခိုင်းခြင်းမပြုရ။ ကောက်ခံမှုအားလုံးအတွက် သက်ဆိုင်ရာ တိရစ္ဆာန်ရောင်းသူ၊ ဝယ်သူများအား ငွေရပြေစာ ဖြတ်ပိုင်း ပေးရမည်။

၃၀။ သတ်မှတ်ထားသော နွားပွဲဈေးဝင်ကြေးကောက်များ၊ မှတ်ပုံတင်ခများအား ကောက်ခံရာတွင် တိရစ္ဆာန်ရောင်းသူ၊ ဝယ်သူများအားပြောဆိုရာ၌ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံရမည်။ ဆက်ဆံရေးပြေပြစ်ရမည်။

၃၁။ သတ်မှတ်ထားသော နွားပွဲဈေးဝင်ကြေးကောက်များ၊ မှတ်ပုံတင်ခများ ကောက်ခံပြီးကြောင်း ဖြတ်ပိုင်းမတင်ပြနိုင်သော တိရစ္ဆာန်ရောင်းသူ၊ ဝယ်သူများအား ထပ်မံကောက်ခံနိုင်ခွင့် ရှိသည်။

၃၂။ သတ်မှတ်ထားသော နွားပွဲဈေးဝင်ကြေးကောက်များ၊ မှတ်ပုံတင်ခများ ကောက်ခံမှုနှင့် ပတ်သက်၍ ဖြစ်စေ၊ နယ်နိမိတ်နှင့်ပတ်သက်၍ဖြစ်စေ အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်ရမည်။

၃၃။ သတ်မှတ်ထားသော နွားပွဲဈေးဝင်ကြေးကောက်များ၊ မှတ်ပုံတင်ခများ ကောက်ခံရန် တာဝန် ပေးအပ်မည့် ကိုယ်စားလှယ်စာရင်းအား ဌာနသို့တင်ပြရမည်။ ကောက်ခံမည့်ပုဂ္ဂိုလ်သည် အလုပ်သမား ဥပဒေနှင့်အညီ အသက်(၁၈)နှစ် ပြည့်ရမည်ဖြစ်ပြီး ယင်း၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် အရက် သေစာသောက်စားမူးရစ်မှု မရှိကြောင်း လိုင်စင်ရရှိသူ၏ ကိုယ်တိုင်ဝန်ခံချက်တို့နှင့်အတူ နေပြည်တော် စည်ပင်သာယာရေးကော်မတီ (တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန)သို့ အမည်စာရင်း တင်သွင်း ရမည်။

၃၄။ လိုင်စင်ရရှိသူသည် သတ်မှတ်ထားသော နွားပွဲဈေးဝင်ကြေးကောက်များ၊ မှတ်ပုံတင်ခ များအား ကောက်ခံရန်တာဝန်ပေးအပ်သူအား အမည်နှင့်တာဝန်ပေးထားမှု ဖော်ပြထားသည့် ကတ်ပြု လုပ်၍ ဆွဲထားစေရမည်။

၃၅။ ကော်မတီမှ အခါအားလျော်စွာလိုအပ်၍ နွားပွဲဈေးဖွင့်လှစ်မှုအား ခေတ္တပိတ်သိမ်းခြင်း ကို ဆောင်ရွက်ပါက ၎င်းအတွက် နစ်နာကြေးတောင်းခံခြင်းမရှိစေရ။

၃၆။ နွားပွဲဈေးတွင် အရောင်းအဝယ်ဖြစ်သောတိရစ္ဆာန်များသည် နေပြည်တော်ကောင်စီ နယ်မြေအတွင်းသာ သယ်ယူဖြတ်သန်းခွင့်ရှိသည်။ နေပြည်တော်ကောင်စီနယ်မြေပြင်ပသို့ သယ်ယူလိုပါက သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်များ ပါရှိရမည်။

၃၇။ သတ်မှတ်ရက်နွားပွဲဈေးနေ့တွင်သာ ဖွင့်လှစ်ခွင့်ရှိပြီး အရောင်းအဝယ်ဖြစ်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်တို့၏ မှတ်ပုံတင်ကြေးကို သတ်မှတ်နွားပွဲဈေးဧရိယာအတွင်းသာ ကောက်ခံခွင့် ရှိသည်။ နွားပွဲဈေးပြင်ပ၌ အရောင်းအဝယ်ဖြစ်သော ကိစ္စရပ်များအတွက် ကောက်ခံခွင့်မရှိ။

၃၈။ နွားပွဲဈေး(တိရစ္ဆာန်ဈေး) အခွန်၊အခ၊အကောက်လိုင်စင် ချထားပေးခြင်းသည် နွားပွဲ ဈေးသို့ လာရောက်သော ကျွဲ၊ နွားဝင်ရောက်/အရောင်းအဝယ်ပြုလုပ်မှု ကောက်ခံခွင့်အတွက်သာ ဖြစ်ပြီး နွားပွဲဈေးနှင့်ပတ်သက်သော အခြားစီမံအုပ်ချုပ်ခန့်ခွဲမှု ကိစ္စရပ်များဆောင်ရွက်ခွင့်မရှိ။

၃၉။ ပြန်လည်ရောင်းချခြင်း၊ စည်းကမ်းဖောက်ဖျက်၍ သိမ်းယူထားသည့် လိုင်စင်ကို လေလံတင်၍ ပြန်လည်ရောင်းချရာတွင် မူလလေလံကြေးပြည့်မီခြင်း မရှိပါက ခြားနားလျော့နည်း သည့်လိုငွေကို စည်းကမ်းဖောက်ဖျက်သူမှ ပေးလျော်ရမည်။

**အရေးယူဆောင်ရွက်ခြင်း**

၄၀။ လိုင်စင်ရရှိသူသည် နွားပွဲဈေး(တိရစ္ဆာန်ဈေး) အခွန်၊ အခ၊ အကောက်လိုင်စင်အတွက် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေ

ပုဒ်မ ၂၆ အရ အရေးယူနိုင်သည့်အပြင် အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူဆောင်ရွက်ခြင်း ခံရမည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကိုကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကိုအပြီးပိတ်သိမ်းခြင်းနှင့် အမည်ပျက်စာရင်းတင်သွင်းခြင်း၊ အာမခံ အပ်ငွေများကို ကော်မတီပိုင်ငွေအဖြစ်သိမ်းယူခြင်း၊ လိုင်စင်ကြေးအကြေနှင့် ဒဏ်ကြေး ပေးသွင်းထားသူမှအပ အာမခံတင်သွင်းထားသော ပစ္စည်းများအား လေလံတင် ရောင်းချ၍ ရရန်ရှိသည်တို့ကို သိမ်းယူခြင်း။

၄၁။ လိုင်စင်ရရှိသူသည် အထွေထွေစည်းကမ်းချက်များအပြင် နေပြည်တော်စည်ပင်သာယာရေးဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်နှင့် တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ